ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဌမပုံမှန်အစည်းအဝေး**

(၁၂)ရက်မြောက်နေ့မှတ်တမ်း

**၁၃၈၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၈ ရက်**

**( ၂၀၁၈ ခုနှစ်၊ ဇွန်လ ၆ ရက် )**

**[ ဗုဒ္ဓဟူးနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဌမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပ ပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဌမပုံမှန် အစည်းအဝေးရဲ့ (၁၂)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၃)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၇၅)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၇၈.၄၈)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နှင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နှင့် ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေးရဲ့ (၁၂)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၃။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမ

ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ၆-၆-၂၀၁၈ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမင်းဦး က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတက်ရောက်။ ဦးဖြေရယ်(ခ)ဦးမြင့်သန်းထွန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဦးစောချစ်ဦး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဒေါ်ခင်ဆွေလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ၎င်းအတိုင်း။ ဦးဝင်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဦးအောင်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဒေါက်တာမိုးမြင့်အောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဦးပြုံးလွင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဦးကျော်မြင့်ဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဗိုလ်မှူးချုပ်တင်ဆွေ၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ၎င်းအတိုင်း။ ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဦးစိုင်းသန်းနိုင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ မြန်မာ E.U Economic Forum တက်ရောက်ရန်။ ဦးခင်ဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဦးခင်ဇော်ဦး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဦးစောမိုးမြင့်(ခ)ဆင်မြူရယ်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဦးစိုးမိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ၎င်းအတိုင်း။ ဗိုလ်မှူးကြီးဇော်လွင်၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ၎င်းအတိုင်း။ ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းဇော်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ဆေးရုံတက်ရောက်ကုသမှုခံယူ။ ဦးစခင်ဇော်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ စောယှားဖောင်အွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ကျန်းမာရေးနှင့် ဒေါက်တာစန်းမောင်မောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၈)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ(၃၀)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၄၈)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအား လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်

ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၃)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၈)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၃၀)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြုထားသူ(၄၈)ဦး ရှိပြီး ခွင့်မဲ့ ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်(၅)ဦး မေးမြန်းတဲ့မေးခွန်းများဟာ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြား ပေးဖို့ဖြစ်ပါတယ်။

**မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်ကျေးရွာရှိ ယခင်စက္ကူစက် (စစ်တောင်း)ပိုင် စိုက်ခင်းမြေ (၉၇၅၀)ဧကနှင့် ပတ်သက်၍ စစ်တောင်းစက္ကူစက်မရှိတော့သဖြင့် ယခု ၎င်းစိုက်ခင်းမြေကို မည်သို့ အသုံးပြုနေသည် သို့မဟုတ် မည်သို့အသုံးပြုရန် စီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ) ဦးလှမြင့်သန်း က မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်ကျေးရွာရှိ ယခင်စက္ကူစက်(စစ်တောင်း)ပိုင် စိုက်ခင်းမြေ (၉၇၅၀)ဧကနှင့် ပတ်သက်၍ စစ်တောင်းစက္ကူစက်မရှိတော့သဖြင့် ယခု ၎င်းစိုက်ခင်းမြေကို မည်သို့ အသုံးပြုနေသည် သို့မဟုတ် မည်သို့အသုံးပြုရန် စီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးလှမြင့်(ခ)ဦးလှမြင့်သန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်တစ်ရပ်လုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ရင်း ဂါရဝပြုနှုတ်ဆက်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)က အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်(ခ)ဦးလှမြင့်သန်း ဖြစ်ပါတယ်။ ကျွန်တော်မေးတဲ့ မေးခွန်းကတော့ ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်ကျေးရွာမှာရှိတဲ့ ယခင် စစ်တောင်းစက္ကူစက်ပိုင်တဲ့ စိုက်ခင်းမြေပေါင်း (၉၇၅၀)ဧကနှင့် ပတ်သက်ပြီးတော့ အခု စစ်တောင်းစက္ကူစက်ကြီး မရှိတော့တဲ့အတွက် အခု အဲဒီ စိုက်ခင်းမြေတွေကို ဘယ်လိုအသုံးပြုနေတယ် ဒါမှမဟုတ်ရင် ဘယ်လိုအသုံးပြု၊ ဘယ်လိုစီမံဆောင်ရွက် ထားလဲဆိုတာကို သိရှိလိုခြင်းနဲ့ပတ်သက်ပြီးတော့ မေးမယ့်မေးခွန်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၆၃ ခုနှစ် စစ်တောင်းစက္ကူစက်ကြီး စတင် လည်ပတ်ခဲ့ရာမှာ ကုန်ကြမ်းရရှိရေးအတွက် ပျော့ဖတ်လုပ်ဖို့လို့၊ စက်ရုံပိုင် ယူကလစ်စိုက်ခင်းများ

စိုက်ပျိုးဖို့ မြေဧကပေါင်း(၉၇၅၀)ကို သက်ဆိုင်ရာဝန်ကြီးဌာနက တရားဝင်လျှောက်ထားရယူ ပိုင်ဆိုင်ခဲ့ပါတယ်။ ယူကလစ်ပင်များကလည်း စိုက်ပျိုးဖြစ်ထွန်းအောင်မြင်ခဲ့ပါတယ်။ ကုန်ကြမ်းများအဖြစ်လည်း သုံးနိုင်ခဲ့ပါတယ်။ အစိုးရပိုင်မြေမှာ စိုက်ထားတဲ့ ယူကလစ်ပင် (၁)ပင်၊ (၂)ပင်ကိုပင် ခုတ်ယူသူများက၊ ခုတ်မိသူများကိုတော့ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးဥပဒေ ပုဒ်မ ၆၁ နဲ့ တရားစွဲဆို ထောင်ချတာ ခံကြရပါတယ်။ အခု ၂၀၁၃ ခုနှစ်၊ စစ်တောင်းစက္ကူစက်ကြီးကို ပုဂ္ဂလိကကို လွှဲပြောင်းရောင်းချခဲ့တဲ့အတွက် စစ်တောင်းစက္ကူစက်ကြီး မရှိတော့ပါဘူး။ စက္ကူစက်ကြီးရဲ့ အဆိုပါစိုက်ခင်းမြေ (၉၇၅၀)ဧကမှာ ရောင်းချရာမှာလည်းပဲ ပါမသွားခဲ့တာသိရှိရပါတယ်။

ဒါကြောင့်မို့လို့ နိုင်ငံပိုင်မြေ သို့မဟုတ် အစိုးရရဲ့ စီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေအဖြစ် အဲဒီ မြေဧကပေါင်း(၉၇၅၀)ဟာ ဆက်လက်တည်ရှိနေမှာ ဖြစ်ပါတယ်။ အဲဒီမြေပေါ်မှာရှိနေတဲ့ စိုက်ပျိုးပြီးသား ကျန်ရှိသော ဒီ ယူကလစ်ပင်များကလည်းပဲ နိုင်ငံပိုင်အဖြစ် ဆက်ရှိနေမှာဖြစ်ပါတယ်။ အစိုးရပိုင်မြေ ဒါမှမဟုတ်ရင် အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေအဖြစ် တည်ရှိနေရင် ပြုပြင်ပြီး စိုက်ခင်းမြေကို အလဟဿမထားသင့်ပါဘူး။ မြေမဲ့၊ ယာမဲ့တွေ၊ မြေယာမလုံလောက်တဲ့ သူတွေ၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးလုပ်ကိုင်သူတွေ ဒါမှမဟုတ်ရင် စိုက်ခင်းကြီးများ ဖော်ထုတ်လုပ်ကိုင်လိုတဲ့ လုပ်ငန်းရှင်ကြီးတွေ ဒါမှမဟုတ်ရင်လည်း ပြည်တွင်းပြည်ပကုမ္ပဏီတွေကို လုပ်ကိုင်ဖို့ လျှောက်ထားခွင့် ပေးသင့်ပါတယ်။ ပြဿနာကတော့ အချို့ မွန်ပြည်နယ်ရဲ့ ကျိုက်ထိုမြို့နယ်ထဲမှာ မြေယာသိမ်းဆည်းခံရလို့ မြေယာပျောက်သွားတဲ့ တောင်သူများရှိပါတယ်။ သူတို့ကိုလည်းပဲ အဲဒီ မြေတွေထဲက မြေအစားလျှောက်ထားခွင့်ပေးနိုင်ပါတယ်။ ဒီလိုပေးခြင်းအားဖြင့် အလုပ်အကိုင်ရရှိရေး၊ ဆင်းရဲနွမ်းပါးမှုလျော့ချရေးအပြင် ၂၀၁၆ ခုနှစ် မြေအသုံးချမှုမူဝါဒကိုလည်းပဲ အကောင်အထည်ဖော်ရာရောက်မယ်လို့ ယူဆပါတယ်။ ဒါကြောင့်မို့လို့ အဆိုပါစိုက်ခင်းမြေ(၉၇၅၀)ဧကကို ဘယ်လိုအသုံးပြုနေတယ် ဒါမှမဟုတ်ရင် ဘယ်လိုအသုံးပြုဖို့ စီမံထားတယ်ဆိုတာကို သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်၊ စွန်တောင်ရဲစခန်းကို ပြန်လည်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမာန်လောမောင်း က ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်၊ စွန်တောင်ရဲစခန်းကို ပြန်လည်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး ကိုယ်၊ စိတ်၊ နှလုံး ချမ်းမြေ့ကြပါစေလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) မင်းတပ်မြို့နယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမာန်လောမောင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ မင်းတပ်မြို့နယ် စွန်တောင်ရဲစခန်းသည် မင်းတပ်မြို့နယ်မှ မိုင်(၃၃)မိုင်ကွာဝေးပြီး မကွေးတိုင်းဒေသကြီး ယောနယ်နှင့် မင်းတပ်မြို့နယ် နယ်စပ်လုံခြုံရေးအတွက် ၁၉၅၄ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ပါတယ်။ စွန်တောင်ရဲစခန်းပိုင် နယ်မြေများမှ နယ်မြေအုပ်စုများကတော့ တိုက်နယ်အမှတ် (၁) မှ (၆)အုပ်စု၊ တိုက်နယ်အမှတ် (၂) မှ (၆) အုပ်စု၊ စုစုပေါင်း (၁၂)အုပ်စု၊ ကျေးရွာပေါင်း(၆၆)ရွာ၊ အိမ်ခြေပေါင်း(၁၇၁၄)အိမ်၊ လူဦးရေပေါင်း(၁၄၆၁၉)ဦး လုံခြုံရေးတာဝန်ကိုယူရန် သတ်မှတ်ခဲ့ပါတယ်။ ၂၀၀၀ ပြည့်နှစ်၊ ဧပြီလတွင် ပြန်လည်ပြောင်းရွှေ့ခဲ့ပါတယ်။ မည်သည့်အတွက်ကြောင့် ပြန်လည်ပြောင်းရွှေ့ခဲ့သည်ကိုလည်း ဒေသခံပြည်သူများ မသိရှိခဲ့ရပါ။

၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့ နေ့စွဲပါစာအမှတ် ၁၀၀၃/၁၀၁/၅၀၆/ဦး၅ အရ ရဲစခန်းပြန်လည်ဖွင့်လှစ်ရန် ချင်းပြည်နယ်၊ ဟားခါးမှ အကြောင်းကြားရာတွင် ရဲစခန်းနှင့်ပတ်သက်၍ မြေဂရန်ရရှိမှုအခြေအနေ၊ လန(၃၉)ကျပြီး/မပြီး၊ ဖွင့်လှစ်ရန်အသင့်ဖြစ်/မဖြစ်၊ ဖွင့်လှစ်ပါက အဆောက်အဦအခြေအနေ၊ လက်နက်အင်အားအခြေအနေတို့ကို ပြန်လည်တင်ပြရန် ညွှန်ကြားခဲ့ပါတယ်။ အဆိုပါ ညွှန်ကြားချက်အရ မြို့နယ်ရဲတပ်ဖွဲ့ရုံးမှ အဆောက်အဦအားလုံးအတွက် မြေနေရာ(၅)ဧကကို နယ်မြေခံများမှ လှူဒါန်းကြပြီး ပုံစံ(၁၀၅)၊ (၁၀၆) ရရှိခဲ့ပြီးဖြစ်ပါတယ်။ ထိုနေရာကို လိုအပ်တဲ့ အဆောက်အဦများဆောက်လုပ်ရန် ဆောက်လုပ်ရေးအင်ဂျင်နီယာ၏တွက်ချက်မှု ကုန်ကျစရိတ်ဖြင့် ၁၉-၉-၂၀၁၆ ခုနှစ်၊ နေ့စွဲပါစာအမှတ် (၁၀၅၄)(၅)/၉၀၄/(၁၃)ဖြင့် ပြန်လည် တင်ပြခဲ့ပါတယ်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)အထိ တင်ပြခဲ့ကြပါတယ်။ ရဲစခန်းမရှိ၍ လုံခြုံရေးမရှိသဖြင့် စွန်တောင်ကျေးရွာ အစွန်အဖျားနှင့် မကွေးတိုင်းဒေသကြီး၊ ထီးလင်းမြို့နယ်၊ ကျောက်ထုမြို့နယ် စသည့်မြို့နယ်၊ နယ်စပ်ဒေသများတွင် မြစ်ချောင်းများ၌ ရှော့တိုက်၍ ငါးဖမ်းခြင်းများဖြင့် သောင်းကျန်းလျက်ရှိပါတယ်။ သို့ဖြစ်၍ ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်၊ စွန်တောင်ရဲစခန်းအား ပြန်လည် ဖွင့်လှစ်ရန် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ နန်းမားကျေးရွာအုပ်စုနှင့် တစ်ဆက်တစ်စပ်တည်းရှိသော ညောင်ပင်သာကျေးရွာအုပ်စုမှ ညောင်ပင်သာကျေးရွာ၊ ခရုချောင်းကျေးရွာတို့ ပူးပေါင်း၍ နန်းမားမြို့အဖြစ် အဆင့်မြှင့်သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဆွေနိုင် က ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ နန်းမားကျေးရွာအုပ်စုနှင့် တစ်ဆက်တစ်စပ်တည်းရှိသော ညောင်ပင်သာကျေးရွာအုပ်စုမှ ညောင်ပင်သာကျေးရွာ၊ ခရုချောင်းကျေးရွာတို့ကို ပူးပေါင်း၍ နန်းမားမြို့အဖြစ် အဆင့်မြှင့်သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဦးမင်းဆွေနိုင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်တစ်ရပ်လုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ပဏာမ

ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဆွေနိုင် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျွန်တော်မေးမယ့် မေးခွန်းကတော့ ကျွန်တော့်ရဲ့မွေးဖွားရာဇာတိ ကျေးရွာအုပ်စုလေးဖြစ်တဲ့ နန်းမားကျေးရွာအုပ်စုနဲ့ တစ်ဆက်တစ်စပ်တည်းရှိတဲ့ ညောင်ပင်သာကျေးရွာ အုပ်စုမှ ညောင်ပင်သာကျေးရွာနဲ့ ခရချောင်းကျေးရွာတို့ပေါင်းပြီးတော့မှ နန်းမားမြို့အဖြစ် အဆင့်တိုး မြှင့်ပေးရန် ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းကို မေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်မှာရှိတဲ့ နန်းမားကျေးရွာ အုပ်စုနှင့် တစ်ဆက်တစ်စပ်တည်းရှိတဲ့ ညောင်ပင်သာကျေးရွာအုပ်စုမှ ညောင်ပင်သာကျေးရွာနှင့် ခရချောင်း ကျေးရွာတို့သည် ကျွန်တော်တို့ မန္တလေး - မြစ်ကြီးနား မီးရထားလမ်းမကြီးပေါ်မှာရှိတဲ့ အပြင် ရွှေဘို - မြစ်ကြီးနား ပြည်ထောင်စုလမ်းကြီးရဲ့ အရှေ့ဘက်ကပ်လျက် တည်ရှိလျက်ရှိပြီးတော့မှ မိုးညှင်း - ဟိုပင် မြို့ချင်းဆက်လမ်းမကြီးပေါ်မှာတည်ရှိကာ အဲဒီ မိုးညှင်း၊ ဟိုပင်မြို့(၂)မြို့ရဲ့ (၈)မိုင်ခန့် အကွာအလယ်ဗဟိုမှာ တည်ရှိတာကိုတွေ့ရှိရပါတယ်။ နောက်ပြီးတော့ ကျေးရွာအုပ်စုမှာ တောင်နှင့်မြောက် (၂)မိုင်ခန့် ရှည်လျားကျယ်ဝန်းပြီးတော့မှ အရှေ့၊ အနောက် (၁)မိုင်ခန့် ပျမ်းမျှကျယ်ဝန်းပါတယ်။ ကျွန်တော်တို့ ကျေးရွာအုပ်စုလေးရဲ့ လုံခြုံရေးအနေအထားကတော့ ကျေးရွာအုပ်စုရဲ့ အနောက်ဘက် မှာဆိုလို့ရှိရင် ကျွန်တော်တို့ ခ.မ.ရ (၃၈၅)နှင့် ခ.မ.ရ (၃၈၆) တပ်ရင်း(၂)ခုရှိတဲ့အပြင် (၀)အဆင့် ရဲစခန်း(၁)ခုလည်း ရှိပါတယ်။ ကျန်းမာရေးနှင့် အားကစားကဏ္ဍမှာဆိုရင် ကျွန်တော်တို့ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ (၁)ခုရှိပြီးတော့မှ ကျေးလက်ဆေးပေးခန်းဌာန (၁)ခုလည်းရှိပါတယ်။ အားကစား ကဏ္ဍမှာကတော့ ကျွန်တော်တို့ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လ Mini Budget မှာ ကျွန်တော့်ရဲ့ နန်းမားဒေသပိုင် ဘောလုံးကွင်းအဖြစ် (၅)ဧကအတွက်ကို ကျွန်တော့်ရဲ့ ကြယ်ပွင့်မပြ မေးခွန်းမှာ လွှတ်တော်ကတိအဖြစ် ထည့်ဝင်ပြီးလည်းဖြစ်ပါတယ်။

ပညာရေးကဏ္ဍမှာတော့ အ.မ.က အဆင့်က (၈)ကျောင်း၊ အ.လ.က အဆင့်က (၂)ကျောင်း၊ နောက် အ.ထ.က အဆင့်က (၂)ကျောင်းတို့ရှိတဲ့အပြင် တက္ကသိုလ်ဝင်တန်း စာစစ်ဌာန(၁)ခုလည်း ရှိပါတယ်။ ဘာသာ၊ သာသနာရေးမှာဆိုလို့ရှိရင် ကျွန်တော်တို့ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်း (၁၂)ကျောင်း ရှိပြီးတော့မှ စာသင်တိုက်(၃)ခု ရှိပါတယ်။ နောက်ပြီးတော့ ခရစ်ယာန်သာသနာပြု ကျောင်း(၂)ကျောင်းလည်းရှိပါတယ်။ နောက် လျှပ်စစ်ကဏ္ဍမှာဆိုလို့ရှိရင် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ရုံး(၀)အဆင့် ရုံးစိုက်ပြီးတော့မှ အိမ်တိုင်းစေ့နီးပါး မီးရရှိနေတာကို တွေ့ရပါတယ်။

အထက်ဖော်ပြပါ မြို့အဆင့်တိုးပေးနိုင်ရန် တင်ပြထားတဲ့ ကျေးရွာအုပ်စုမှာ ကျေးရွာပေါင်း (၁၀)ရွာ ပါရှိပြီးတော့မှ အိမ်ထောင်စုပေါင်း (၂၂၀၀)ကျော်ရှိကာ လူဦးရေ(၁၃၀၀၀)ခန့် နေထိုင်လျက် ရှိပါတယ်။ အများစုကတော့ ကျွန်တော်တို့ လယ်ယာလုပ်ငန်းလုပ်ကိုင်သူများဖြစ်ပြီးတော့မှ လယ်ယာ လုပ်ကိုင်သူဦးရေ (၇၀၀)ကျော်ရှိကာ အကြမ်းဖျင်းလယ်ဧက (၆၀၀၀)နီးပါးကို စိုက်ပျိုးလုပ်ကိုင်လျက် ရှိပါတယ်။ နောက် ကျွန်တော်တို့ နန်းမားဒေသဟာဆိုလို့ရှိရင် ကချင်ပြည်နယ်မှာ ဆန်အထွက် အများဆုံး

ဒေသအဖြစ်လည်း လူသိများပါတယ်။ နောက်ပြီးတော့ ကျွန်တော်တို့ ကျေးရွာအုပ်စုရဲ့ ဝဲ/ယာမှာရှိတဲ့ ကျေးရွာအုပ်စုများဟာလည်း အများအားဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်လျက်ရှိပါတယ်။

နောက်ပြီးတော့ ကျွန်တော်တို့ မြို့နယ်စည်ပင်လက်အောက်ခံ စည်ပင်ဈေးလေး တစ်ခုဟာ ကျွန်တော်တို့ (၀.၈၈)ဧက အကျယ်ရှိပြီးတော့မှ မြေဂရန်ရရှိပြီးသားလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ကျေးရွာအုပ်စုလေးဟာဆိုလို့ရှိရင် မြန်မာ့မီးရထားလမ်းမကြီးပေါ်မှာရှိတဲ့ ဘူတာရုံ(၁)ခု ရှိပြီးတော့မှ အစိုးရသန္ဓေမီးသတ်၊ အရန်မီးသတ်၊ ကြက်ခြေနီအသင်း၊ နာရေးကူညီမှုအသင်းများအပြင် ဆက်သွယ်ရေး အော်တိုအိတ်ချိန်း၊ စာတိုက်လုပ်ငန်း၊ ဆက်သွယ်ရေးတာဝါတိုင်များ၊ မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့် လွှင့်ရုံ များအပြင် စိုက်ပျိုးရေးအထွက်တိုးစခန်းလည်း ရှိပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော့် နန်းမား ကျေးရွာအုပ်စုလေးနဲ့ ဆက်စပ်လျက်ရှိတဲ့ ညောင်ပင်သာကျေးရွာအုပ်စုလေးဟာဆိုလို့ရှိရင် လမ်းပန်း ဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဘာသာ၊ သာသနာရေး၊ လုံခြုံရေးစတဲ့ အစစအရာရာ အခြေခံ အဆင့်များ ပြည့်စုံနေတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ တင်ပြခဲ့တဲ့ နန်းမားကျေးရွာအုပ်စုနှင့် တစ်ဆက်တစ်စပ်တည်းရှိတဲ့ ညောင်ပင်သာကျေးရွာအုပ်စုမှ ညောင်ပင်သာကျေးရွာနှင့် ခုရုချောင်း ကျေးရွာတို့ ပေါင်းပြီးတော့မှ နန်းမားမြို့အဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ခြင်း ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ ဒေသခံပြည်သူများနှင့်ထပ်တူ လေးစားစွာ မေးမြန်းလိုက်ရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ရခိုင်ပြည်နယ်၊ မောင်တောခရိုင်နှင့် ရသေ့တောင်မြို့နယ်အတွင်းရှိ (န.တ.လ)ကျေးရွာများ၌ နေထိုင်ကြသည့် နိုင်ငံသား/တိုင်းရင်းသားများ၏ လူဦးရေနှင့်အိမ်ထောင်စု ပုံစံ (၆၆/၆)စာရင်းများအား နိုင်ငံခြားသားများ မတရားဝင်ရောက် ကာကွယ်တားဆီးရေးအဖွဲ့(မကဖ)မှ အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသို့ မည်သည့်အချိန်၌ စနစ်တကျ လွှဲပြောင်းပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ။**　။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ကျော်ဝင်း က ရခိုင်ပြည်နယ်၊ မောင်တောခရိုင်နှင့် ရသေ့တောင်မြို့နယ်အတွင်းရှိ (န.တ.လ)ကျေးရွာများ၌ နေထိုင် ကြသည့် နိုင်ငံသား/တိုင်းရင်းသားများ၏ လူဦးရေနှင့်အိမ်ထောင်စု ပုံစံ (၆၆/၆) စာရင်းများအား နိုင်ငံခြားသားများ မတရားဝင်ရောက် ကာကွယ်တားဆီးရေးအဖွဲ့ (မကဖ)မှ အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသို့ မည်သည့်အချိန်၌ စနစ်တကျ လွှဲပြောင်းပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဦးကျော်ကျော်ဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။**　။ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်ဝင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးလိုတဲ့ မေးခွန်းကတော့ မောင်တော ခရိုင်၊ ရသေ့တောင်မြို့နယ်အတွင်းရှိ (န.တ.လ)ကျေးရွာများ၌ နေထိုင်ကြသည့် နိုင်ငံသား/တိုင်းရင်းသား

များ၏ လူဦးရေနှင့်အိမ်ထောင်စု ပုံစံ (၆၆/၆) စာရင်းများအား နိုင်ငံခြားသားများ မတရားဝင်ရောက် ကာကွယ်တားဆီးရေးအဖွဲ့(မကဖ)မှ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဌာနသို့ မည်သည့်အချိန်၌ စနစ်တကျ လွှဲပြောင်းပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းအား မေးမြန်း သွားမှာ ဖြစ်ပါတယ်။

အကျိုးအကြောင်း ဖော်ပြချက်ကတော့ ယခင်အစိုးရလက်ထက်က မောင်တောခရိုင်နှင့် ရသေ့တောင်မြို့နယ်များတွင် လူဦးရေထိန်းညှိခြင်း အစီအစဉ်အရ (န.တ.လ)ကျေးရွာသစ်များ တည်ထောင် ခြင်းအား နိုင်ငံတော်အဆင့် စီစဉ်ပေးခဲ့ပါတယ်။ (န.တ.လ)ကျေးရွာများ၌ အခြေတကျနေထိုင်ကြသည့် နိုင်ငံသား/တိုင်းရင်းသားများအား အိမ်ထောင်စု ပုံစံ (၆၆/၆) ထုတ်ပေးထားပါတယ်။ နိုင်ငံခြားသားများ မတရားဝင်ရောက်မှု ကာကွယ်တားဆီးရေးအဖွဲ့(မကဖ)သို့ ယခုအစိုးရလက်ထက်အထိ အိမ်ထောင်စု ပုံစံ (၆၆/၆) များကို ထိန်းသိမ်းထား စိစစ်ခြင်းအား တစ်နှစ်တစ်ကြိမ် ပြုလုပ်ပေးလျက်ရှိပါတယ်။ (န.တ.လ)ကျေးရွာရှိ နိုင်ငံသား/တိုင်းရင်းသားများ အခွင့်အရေး ဆုံးရှုံးနေခြင်းအား မဆုံးရှုံးရအောင် အစိုးရမှ ဆောင်ရွက်ပေးရမည်ဖြစ်ပါတယ်။

၎င်းဒေသမြို့နယ်အတွင်းရှိ (န.တ.လ)ကျေးရွာများမှာ ယခင်(နစက)တပ်ဖွဲ့ ဖျက်သိမ်းပြီးမှ လူဦးရေစာရင်းနှင့် အိမ်ထောင်စုပုံစံအား ထိန်းသိမ်းထားခဲ့ပါတယ်။ (နစက)တပ်ဖွဲ့ ဖျက်သိမ်းပြီး နောက်ပိုင်းတွင်လည်း လက်ရှိ(မကဖ)အဖွဲ့အား လွှဲပြောင်းပေးခဲ့ပြီး ဆက်လက်၍ တစ်နှစ်တစ်ကြိမ် လူဦးရေနှင့် အိမ်ထောင်စုပုံစံအား စိစစ်ခြင်း ပြုလုပ်လျက်ရှိပါတယ်။ လူဦးရေတိုးလျော့ခြင်းများ ကိုလည်း လက်ခံဆောင်ရွက်လျက်ရှိပါတယ်။ ယခုလက်ရှိ နယ်ခြားစောင့်တပ်ဖွဲ့ တာဝန်ယူဆောင်ရွက် နေချိန်တွင်လည်း (မကဖ)အဖွဲ့မှ ယခုထိ (န.တ.လ)ကျေးရွာရှိ နိုင်ငံသား/တိုင်းရင်းသားများ၏ လူဦးရေ စာရင်းနှင့် အိမ်ထောင်စုပုံစံအား ထိန်းသိမ်းစိစစ်လျက်ရှိပါတယ်။

၎င်း(န.တ.လ)ကျေးရွာရှိ အိမ်ထောင်စုစာရင်းပုံစံအား (မကဖ)တပ်ဖွဲ့သို့ လွှဲပြောင်းထားခဲ့ ခြင်းမှာ မတရားဝင်ရောက် ခိုးဝင်/ခိုးထွက်အား တာဝန်ယူဆောင်ရွက် စိစစ်ခြင်းမှာ ရခိုင်လူမျိုးနှင့် အခြားတိုင်းရင်းသားလူမျိုးများ၏ ဥပဒေပါ ခံစားခွင့်အတိုင်းမရခြင်း၊ တိုင်းရင်းသားအခွင့်အရေး နိမ့်ကျ နေခြင်းများ ဖြစ်ပါတယ်။ (န.တ.လ)ကျေးရွာရှိ နေထိုင်ကြသည့် နိုင်ငံသား/တိုင်းရင်းသားများ၏ နေအိမ်၊ ခြံ၊ မြေယာများပိုင်ဆိုင်မှု မရှိခြင်း၊ (မကဖ)တပ်ဖွဲ့မှ ထိန်းသိမ်းထား စိစစ်ခံ အိမ်ထောင်စုဝင် မိသားစု ထဲမှ တစ်ဦးဦးက (လဝက) အိမ်ထောင်စုဝင် မိသားစုတစ်ဦးဦးနှင့် အိမ်ထောင်ပြုပေါင်းသင်း နေထိုင် မည်ဆိုပါက (မကဖ)စိစစ်ခံ အိမ်ထောင်စုဝင် မိသားစုတစ်ဦးဦးသည် (လဝက) အိမ်ထောင်စု(ပုံစံ-၁၀)သို့ ပြောင်းရွှေ့ဝင်ရောက်ခြင်း မရသည်ကို သိရှိရပါတယ်။

သို့သော် (လဝက)အိမ်ထောင်စုဝင်တစ်ဦးဦးက (မကဖ)အိမ်ထောင်စုထဲသို့ ပြောင်းရွှေ့ ဝင်ရောက်ခြင်းကို ရရှိပါတယ်။ (နစက)ဖျက်သိမ်းပြီး လက်ခံထိန်းသိမ်းထားသည့် အိမ်ထောင်စုပုံစံများကို မည်သည့်အချိန်၌ စနစ်တကျ (မကဖ)အဖွဲ့မှ မြို့နယ်(လဝက)အဖွဲ့သို့ လွှဲပြောင်းပေးနိုင်မည့် နည်းလမ်း များကို စီစဉ်ဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလအတွင်း မြို့နယ် (လဝက) ဦးစီး

ဌာနသို့ လွှဲပြောင်းပေးရမည်ကိုလည်း သိရှိပါသည်။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ မေးမြန်းရခြင်း ဖြစ်ပါတယ်။

**နိုင်ငံတော်အဝှမ်း၊ မြို့နယ်၊ ရပ်ကွက်/ ကျေးရွာများထဲရှိ လိုင်စင်မဲ့ အရက်ပုန်းဆိုင်များကို ယစ်မျိုးဥပဒေအရ အရေးယူပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာမောင်မောင် က နိုင်ငံတော်အဝှမ်း၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာများထဲရှိ လိုင်စင်မဲ့ အရက်ပုန်းဆိုင်များကို ယစ်မျိုး ဥပဒေအရ အရေးယူပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၄။**

**ဒေါက်တာမောင်မောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ လေးစားစွာ နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်မောင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ နိုင်ငံတော်အဝှမ်း၊ မြို့နယ်၊ ကျေးရွာများထဲတွင် အရည်သွေးနိမ့်ကျတဲ့ အရက်များကို ရောင်းချနေတဲ့ လိုင်စင်မဲ့ အရက်ပုန်းဆိုင်များကို ယစ်မျိုးဥပဒေအရ အရေးယူပေးရန် အစီအစဉ် ရှိ/မရှိ သိလိုကြောင်း ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ဒီမေးခွန်း မေးမြန်းရခြင်း အကြောင်းကတော့ ကျွန်တော်တို့ နိုင်ငံမှာရှိတဲ့ လူငယ်အများအပြားဟာ အရွယ်မရောက်သေးမီ(၁၈)နှစ်မတိုင်မီမှ အစပြုပြီး အရက်သေစာများကို သောက်သုံးမှီဝဲ စွဲလမ်းနေကြပါတယ်။ စောစီးစွာ အရက်သောက်တတ်သည့် အကျင့်ရသွားခြင်း အကြောင်းမှာ ရပ်ကွက်ထဲ နေရာအနှံ့ လက်တစ်ကမ်းအကွာမှာ အရက်ရောင်းချသူများ ပြည့်နှက်နေပါတယ်။ ကုန်စုံဆိုင်၊ ကွမ်းယာဆိုင်၊ အအေးဆိုင် အစရှိသည့်ဆိုင်များတွင် မသိမသာတစ်မျိုး၊ သိသာစွာ တစ်မျိုးနဲ့ ရောင်းချနေကြပါတယ်။ ကျေးရွာအရောက် ခရီးပေါက်ရန်ဆောင်ပုဒ်နှင့်အညီ ကျေးလက်တောရွာများတွင်လည်း လမ်းမကြီးဘေး ဝဲယာတစ်လျှောက်မှာ အရက်ဘီယာဆိုင်များနှင့် စည်ကားနေကြတာကို တွေ့ရပါတယ်။

ယင်းသို့ လွယ်ကူစွာရရှိတဲ့ အရက်သေစာများကို အတိုင်းအဆမရှိ သောက်သုံးနေကြခြင်းဖြင့် (၁) မိမိတို့၏ တန်ဖိုးရှိသော အချိန်များကို အလဟဿ ကုန်ဆုံးစေခြင်း၊ (၂) ကျန်းမာရေးကို လွန်မင်းစွာ ထိခိုက်စေခြင်း၊ (၃) ဆေးဖိုးဝါးခအတွက် နိုင်ငံတော်မှ ကုန်ကျစရိတ်များလာခြင်း၊ (၄) အရွယ်မတိုင်မီ သေဆုံးကြတာဖြစ်တာမို့ တိုင်းပြည်ရဲ့အားထားရာ ရတနာများ စောစီးစွာ ဆုံးရှုံးရခြင်း၊ (၅)မိမိကိုယ် မိမိ ထိန်းသိမ်းမှု အားနည်းတဲ့အတွက် မှုခင်းများတိုးပွားလာခြင်း စသည်တို့ ဖြစ်ပေါ်နေကြပါတယ်။ ဤကဲ့သို့ ဆိုးဝါးနစ်နာသော အခြေအနေများ လျော့နည်းပပျောက်စေရန် ရပ်ကွက်/ကျေးရွာများအတွင်း လက်သိပ်ထိုးရောင်းချနေတဲ့ လိုင်စင်မဲ့ အရက်ပုန်းဆိုင်များကို ဥပဒေအရ သေချာစွာ စိစစ်အရေးယူ

ပေးပါရန် အစီအစဉ် ရှိ/မရှိ သိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနှင့် ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၆။**

**ဗိုလ်ချုပ်အောင်သူ (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ ဖြစ်ပါတယ်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်(ခ) ဦးလှမြင့်သန်း မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် မွန်ပြည်နယ် အစိုးရအဖွဲ့ရဲ့ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်ကျေးရွာရှိ ယခင် စက္ကူစက်ရုံ(စစ်တောင်း)ပိုင် စိုက်ခင်းမြေဧရိယာ(၉၇၅၀)ဧကမှ ဝက်ဝံတောင်သစ်တောကြိုးဝိုင်းအတွင်းရှိ ယူကလစ်စိုက်ခင်းမြေဧရိယာ(၁၂၀)ဧကအား သစ်တောဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ပါတယ်။ ကျန်ရှိတဲ့ မြေဧရိယာ(၉၆၃၀)ဧကအား စက်မှုဝန်ကြီးဌာနမှ နိုင်ငံတော်သို့ အပ်နှံခွင့်ပြုရန် တင်ပြခဲ့မှုအပေါ် မြေအသုံးချမှု စီမံခန့်ခွဲရေးဗဟိုကော်မတီရဲ့ ၁၀-၁၀-၂၀၁၄ ရက်စွဲပါစာဖြင့် နိုင်ငံတော်သို့ အပ်နှံခွင့်ပြုခဲ့ပါတယ်။ အဆိုပါ မြေဧရိယာ (၉၆၃၀)ဧကအား ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ၁၁-၁၁-၂၀၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၃၉/၂၀၁၄)ဖြင့် နိုင်ငံတော်က စီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေအဖြစ် သတ်မှတ်ပေးခဲ့ပြီးဖြစ်ပါတယ်။ စက်မှုဝန်ကြီးဌာနမှ ပြန်လည်စွန့်လွှတ်ခဲ့တဲ့ မြေဧရိယာ(၉၆၃၀)ဧကဟာ ယခင်က မြေလွတ်မြေရိုင်းအမျိုးအစားဖြစ်၍ နိုင်ငံတော်ကိုယ်စား မွန်ပြည်နယ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့မှ လွှဲပြောင်းလက်ခံရမှာ ဖြစ်ပါတယ်။ ထိုသို့ လွှဲပြောင်းလက်ခံရန်အတွက် လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရဲ့ မြေအသုံးချမှုစာရင်းရာကောက်(၂)တွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းအဖြစ် ရေးသွင်းနိုင်ရေးဆောင်ရွက်ခဲ့ရာ မွန်ပြည်နယ် မြေအသုံးချရေး စီမံခန့်ခွဲမှုကော်မတီရဲ့ ၁၉-၂-၂၀၁၆ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ အစည်းအဝေးအမှတ်စဉ် (၃/၂၀၁၆)မှာ သဘောတူကြောင်း ဆုံးဖြတ်ခဲ့ပါတယ်။

အဆိုပါ ဆုံးဖြတ်ချက်အရ ပြည်နယ် လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရဲ့ ၁၈-၃-၂၀၁၆ ရက်စွဲပါစာဖြင့် အကြောင်းကြားခဲ့မှုအပေါ် ကျိုက်ထိုမြို့နယ် လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရဲ့ မြေအသုံးချမှုစာရင်းရာကောက်(၂)တွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအဖြစ် ပြောင်းလဲ ပြင်ဆင်သတ်မှတ် စာရင်းရေးသွင်းပြီး ဖြစ်ပါတယ်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအဖြစ် ပြောင်းလဲ ပြင်ဆင်သတ်မှတ်ခဲ့တဲ့ ဧရိယာ(၉၆၃၀)ဧကအား စိုက်ပျိုးလုပ်ကိုင်ခွင့်

လျှောက်ထားလာပါက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှု ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ထို့အပြင် အနီးပတ်ဝန်းကျင်မှာရှိတဲ့ ခရွဲကျေးရွာအုပ်စု၊ မုက္ခမော့ ကျေးရွာအုပ်စုနှင့် ဝင်းကံကျေးရွာအုပ်စုတို့မှ မြေယာပိုင်ဆိုင်မှုမရှိသေးတဲ့ ကျေးရွာသူ၊ ကျေးရွာသား များအား တစ်အိမ်ထောင်လျှင် (၂)ဧကနှုန်းဖြင့် ရာသီသီးနှံများ စိုက်ပျိုးနိုင်ရေးအတွက် ချထား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း မွန်ပြည်နယ် အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်အရ သိရှိရပါတယ်။

သို့ဖြစ်ပါ၍ နိုင်ငံတော်က စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေဧရိယာ (၉၆၃၀)ဧကအား မွန်ပြည်နယ် အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့တို့မှ မြေယာဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထိန်းသိမ်းလျက်ရှိပြီး သက်ဆိုင်ရာ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ စာရင်းသွင်းပြီး မှတ်တမ်းတင် ထိန်းသိမ်း ထားပါကြောင်း အဆိုပါ မြေဧရိယာ(၉၆၃၀)ဧကအား စိုက်ပျိုးလုပ်ကိုင်ခွင့် လျှောက်ထားလာပါက ဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အနီးပတ်ဝန်းကျင်ရှိ ခရွဲကျေးရွာအုပ်စု၊ မုက္ခမော့ကျေးရွာအုပ်စုနှင့် ဝင်းကံကျေးရွာအုပ်စုတို့မှ မြေယာပိုင်ဆိုင်မှုမရှိသေးတဲ့ အိမ်ထောင်စုများထံ တစ်အိမ်ထောင်လျှင် (၂)ဧကနှုန်းဖြင့် ရာသီသီးနှံများ စိုက်ပျိုးနိုင်ရေးအတွက် ချထားဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း မွန်ပြည်နယ် အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမာန်လောမောင်း မေးမြန်းတဲ့ ကြယ်ပွင့်ပြ မေးခွန်းအပေါ် ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်ဟာ (၁၂၀၉.၈၆)စတုရန်းမိုင် ကျယ်ဝန်းပြီး အရှေ့ဘက်မှာ ထီးလင်း မြို့နယ်၊ မြောက်ဘက်မှာ မတူပီမြို့နယ်၊ အနောက်ဘက်တွင် မတူပီမြို့နယ်နှင့် ပလက်ဝမြို့နယ်၊ တောင်ဘက်မှာ ကန်ပက်လက်မြို့နယ်တို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပါတယ်။ မင်းတပ်မြို့နယ်မှာ ရပ်ကွက်(၄)ရပ်ကွက်၊ ကျေးရွာပေါင်း (၁၇၁)ရွာ၊ ကျေးရွာအုပ်စု (၃၅)အုပ်စု၊ အိမ်ခြေ (၁၁၇၄)လုံး၊ အိမ်ထောင်စု (၆၈၃၇)စု၊ လူဦးရေ (၃၈၃၆၅)ဦး နေထိုင်လျက်ရှိပါတယ်။ မင်းတပ်မြို့နယ်မှာ မြို့နယ် ရဲတပ်ဖွဲ့မှူးရုံး(၁)ရုံး၊ မင်းတပ်မြို့မ ရဲစခန်း၊ မကွီးအိမ်နူး ရဲကင်းစခန်းတို့ရှိပြီး မင်းတပ်မြို့နယ် ရဲတပ်ဖွဲ့မှူး ရုံးရဲ့ ဖွဲ့စည်းပုံမှာ အရာရှိ(၂၀)ဦး၊ အခြားအဆင့်(၉၄)ဦး၊ စုစုပေါင်း (၁၁၄)ဦးဖြစ်ပြီး လက်ရှိမှာ အရာရှိ (၇)ဦး၊ အခြားအဆင့်(၅၅)ဦး၊ စုစုပေါင်း (၆၂)ဦးဖြင့် လုပ်ငန်းတာဝန်များ ဆောင်ရွက်လျက်ရှိပါတယ်။

မင်းတပ်မြို့နယ်ရဲ့ ရဲတပ်ဖွဲ့မှူးရုံး ဖွဲ့စည်းပုံမှာ အရာရှိ(၇)ဦး၊ အခြားအဆင့်(၈)ဦး၊ စုစုပေါင်း (၁၅)ဦးဖြစ်ပြီး လက်ရှိမှာ အရာရှိ(၂)ဦး၊ အခြားအဆင့်(၁၀)ဦး၊ စုစုပေါင်း (၁၂)ဦးဖြင့်လည်းကောင်း၊ မင်းတပ်မြို့မရဲစခန်းရဲ့ ဖွဲ့စည်းပုံမှာ အရာရှိ(၁၂)ဦး၊ အခြားအဆင့်(၆၉)ဦး၊ စုစုပေါင်း (၈၁)ဦးရှိပြီး လက်ရှိမှာ အရာရှိ(၄)ဦး၊ အခြားအဆင့် (၃၃)ဦး၊ စုစုပေါင်း (၃၇)ဦးဖြင့်လည်းကောင်း၊ မကွီးအိမ်နူး ရဲကင်းစခန်းရဲ့ ဖွဲ့စည်းပုံမှာ အရာရှိ(၁)ဦး၊ အခြားအဆင့်(၁၇)ဦး၊ စုစုပေါင်း (၁၈)ဦးဖြစ်ပြီး လက်ရှိမှာ အရာရှိ(၁)ဦး၊ အခြားအဆင့်(၁၂)ဦး၊ စုစုပေါင်း (၁၃)ဦးဖြင့်လည်းကောင်း လုပ်ငန်းတာဝန်များ ဆောင်ရွက် လျက်ရှိပါတယ်။

မင်းတပ်မြို့နယ် မင်းတပ်မြို့မရဲစခန်းနယ်မြေအတွင်း စွန်တောင်ကျေးရွာမှာ ၁၉၇၄ ခုနှစ်မှ စ၍ စွန်တောင်ရဲကင်းစခန်း ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါတယ်။ စွန်တောင်ရဲကင်းစခန်းမှာ မင်းတပ်မြို့နှင့် (၃၅)မိုင်ခန့်ကွာဝေးပြီး ဆိုင်ကယ်ဖြင့် သွားလာပါက (၁)နာရီခွဲခန့် ကားဖြင့်သွားလာပါက (၁)နာရီခန့် ရာသီမရွေး သွားလာနိုင်သဖြင့် မင်းတပ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များမှ နယ်မြေဒေသလုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို နိုင်နင်းစွာ ဆောင်ရွက်နိုင်တဲ့ အတွက် ၁၉၉၀ ပြည့်နှစ်မှာ စွန်တောင်ရဲကင်းစခန်းကို ရုပ်သိမ်းခဲ့ပါတယ်။ ထိုသို့ ရုပ်သိမ်းပြီးနောက် စွန်တောင်ရဲကင်းစခန်း နယ်မြေဒေသအတွင်းရှိ ကျေးရွာအုပ်စုနှင့် ကျေးရွာများဟာ အေးချမ်းတည်ငြိမ်မှုရှိခြင်း၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးမှု အပြည့်အဝရှိခြင်း၊ ၂၀၀၉ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ မှုခင်းဖြစ်ပွားမှုမရှိခြင်း၊ ၂၀၁၄ ခုနှစ်တွင် တိရစ္ဆာန်ခိုးမှု(၁)မှုသာ ဖြစ်ပွားခဲ့ပြီး ၂၀၁၅ ခုနှစ်မှ ၂၀၁၈ ခုနှစ် ဧပြီလအထိ မှုခင်းဖြစ်ပွားမှုမရှိပါသဖြင့် မှုခင်းဖြစ်ပွားမှု နည်းပါးသည့် နယ်မြေဒေသဖြစ်ပါတယ်။

ယခုအခါ မင်းတပ်မြို့နယ်၊ မကွီးအိမ်နူး ရဲကင်းစခန်းတည်ရှိရာ မကွီးအိမ်နူးကျေးရွာအား မြို့အဖြစ် တိုးမြှင့်ဖွင့်လှစ်ပြီးဖြစ်သဖြင့် နယ်မြေဒေသလုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် မကွီးအိမ်နူး ရဲကင်းစခန်းအား မကွီးအိမ်နူး နယ်မြေရဲစခန်းအဖြစ် တိုးမြှင့်ဖွင့်လှစ်နိုင်ရေးအတွက် ၃၀-၁၂-၂၀၁၇ ရက်နေ့တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဖွဲ့စည်းပုံစိစစ်ရေးအဖွဲ့တို့ တင်ပြထားပြီး ဖြစ်ပါတယ်။ နယ်မြေရဲကင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်ပြီးပါက လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်မည့်အပြင် မင်းတပ်မြို့မရဲစခန်းအနေဖြင့် စွန်တောင်ရဲကင်းစခန်းအဟောင်းပိုင် နယ်မြေအတွင်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ယခုထက် ပိုမိုထိရောက်စွာ ကွပ်ကဲဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

သို့ပါ၍ စွန်တောင်ရဲကင်းစခန်းမှာ ဖွဲ့စည်းပုံအရ ခွင့်ပြုပြီးဖြစ်သော်လည်း နယ်မြေတည်ငြိမ်အေးချမ်းမှုရှိခြင်း၊ မှုခင်းဖြစ်ပွားမှုနည်းပါးခြင်း၊ မင်းတပ်မြို့မရဲစခန်းမှ လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးလုပ်ငန်းများကို နိုင်နင်းစွာဆောင်ရွက်နိုင်ခြင်း၊ မင်းတပ်မြို့မရဲစခန်းမှ ဒုရဲအုပ်ဦးစီး(၆)ဦးဖြင့် ၁၂-၂-၂၀၁၈ မှစတင်၍ တစ်ပတ်လျှင်(၂)ကြိမ် ရွာစဉ်ကျလှည့်ကင်းများ ဆောင်ရွက်လျက်ရှိပါသဖြင့် စွန်တောင်ရဲကင်းစခန်းအား ပြန်လည်ဖွင့်လှစ်ပေးရန် အစီအစဉ် မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းဆွေနိုင် မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ကချင်ပြည်နယ် အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးညှင်းမြို့နယ်မှာ ရပ်ကွက်(၁၃)ရပ်ကွက်၊ ကျေးရွာ(၃၇)အုပ်စု၊ ကျေးရွာပေါင်း(၁၃၄)ရွာဖြင့် ဖွဲ့စည်းထားရှိပါတယ်။ မိုးညှင်းမြို့နယ်အတွင်း နန်းမားကျေးရွာအုပ်စုမှာ ညောင်ကုန်း၊ ဝက်ကုန်းမြို့မ၊ ရှမ်းပိုင်း၊ နန်းခမ်း၊ သာယာကုန်း၊ အလယ်တော၊ ညောင်လေးပင်ကျေးရွာ (၇)ရွာဖြင့် ဖွဲ့စည်းထားရှိပြီး အိမ်ခြေ(၂၀၂၃)အိမ်၊ အိမ်ထောင်စု(၁၉၇၁)စု၊ လူဦးရေ (၁၁၄၆၇)ဦး ရှိပါတယ်။ နန်းမားကျေးရွာအုပ်စုနှင့်

ကျေးရွာနှင့်
ခရချောင်းကျေးရွာတို့မှာ အိမ်ခြေ(၂၀၆)အိမ်၊ အိမ်ထောင်စု (၂၀၈)စုနှင့် လူဦးရေ (၁၂၈၁)ဦးရှိပါတယ်။ နန်းမားကျေးရွာအုပ်စုနှင့် ညောင်ပင်သာကျေးရွာအုပ်စုရှိ ညောင်ပင်သာကျေးရွာနှင့် ခရချောင်းကျေးရွာတို့ ပူးပေါင်း၍ နန်းမားမြို့ အဖြစ် တိုးမြှင့်ဖွဲ့စည်း နိုင်ရေးအတွက် ကွင်းဆင်းစစ်ဆေးခဲ့ရာ မြို့အင်္ဂါရပ်(၂၁)ချက်အနက် (၂၀)ချက်မှာ ကိုက်ညီမှုရှိကြောင်း မိလ္လာစွန့်ရန် မြောင်းတူးတဲ့ မြေဧက(၅)ဧက မရှိသော်လည်း ယင်လုံအိမ်သာ၊ ရေလောင်းအိမ်သာများ အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရတဲ့အပြင် ဒေသခံပြည်သူများမှ သဘောတူညီကြောင်း သဘောထား ထောက်ခံချက်များ ရရှိပြီးဖြစ်ပါတယ်။

ထို့အပြင် ၂၉-၃-၂၀၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်တဲ့ ကချင်ပြည်နယ် အစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးအမှတ်စဉ် (၁၂/၂၀၁၈) ဆုံးဖြတ်ချက်အရ ဆုံးဖြတ်ချက်အပိုဒ် (၂၁)အရ သဘောတူကြောင်း ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ နန်းမားကျေးရွာ အုပ်စုနှင့် တစ်ဆက်တစ်စပ်တည်းရှိသော ညောင်ပင်သာကျေးရွာအုပ်စုမှ ညောင်ပင်သာကျေးရွာနှင့် ခရချောင်းကျေးရွာတို့ကို စုစည်း၍ နန်းမားမြို့အဖြစ် သတ်မှတ်ပေးရန်အတွက် ကချင်ပြည်နယ် ဝန်ကြီးချုပ်မှ ၂၀၁၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၅၄ နှင့်အညီ ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း ကချင်ပြည်နယ် အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်ဝင်း မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ဟာ နယ်စပ်နယ်နိမိတ် စုစုပေါင်း(၁၆၈)မိုင် ထိစပ်လျက်ရှိပါတယ်။ ထိုသို့ ထိစပ်နေတဲ့အတွက် တစ်ဖက်နိုင်ငံမှ တရားမဝင်ခိုးဝင်မှုများ တားဆီးကာကွယ်ရန်အတွက် ကုန်ပစ္စည်းများ တရားမဝင် သွင်း/ထုတ်မှုများ တားဆီးကာကွယ်ရန် နယ်စပ်ဒေသမှာ တရားဥပဒေ စိုးမိုးပြီး နယ်စပ်သတင်းများ ရရှိစေရန် စတဲ့ ရည်ရွယ်ချက်တွေနဲ့ ၁၁-၆-၁၉၉၂ ရက်နေ့မှာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးဌာနနှင့် အကောက်ခွန်ဌာနစသည်တို့ ပါဝင်တဲ့ နယ်စပ်ဒေသ လူဝင်မှုစစ်ဆေးရေး ကွပ်ကဲမှုအဖွဲ့(နစက)ကို ဖွဲ့စည်းခဲ့ပါတယ်။ နယ်စပ်ဒေသ လူဝင်မှုစစ်ဆေးရေး ကွပ်ကဲမှုအဖွဲ့(နစက)ဟာ မောင်တောမြို့နယ်၊ ကျီးကန်းပြင်တွင် အခြေစိုက်ဖွင့်လှစ်ပြီး မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်မြို့နယ်များမှာ နယ်မြေစခန်းများ ဖွင့်လှစ်ခဲ့ပါတယ်။ နယ်စပ်ဒေသ လူဝင်မှု စစ်ဆေးရေး ကွပ်ကဲမှုအဖွဲ့(နစက)မှ တာဝန်ယူတဲ့ ကာလအတွင်း စခန်းတစ်ခုချင်းအလိုက် တာဝန်ယူတဲ့ ကျေးရွာများရှိ တိုင်းရင်းသားများနှင့် ဘင်္ဂါလီများ၏ အိမ်ထောင်စုလူဦးရေစာရင်းများကို စနစ်တကျ ထိန်းသိမ်း၍ တစ်နှစ်တစ်ကြိမ် အိမ်ထောင်စုလူဦးရေစာရင်း စစ်ဆေးခြင်းနှင့် အခါအားလျော်စွာ လူဝင်/လူထွက် စစ်ဆေးခြင်းတို့ဖြင့် တစ်ဖက်နိုင်ငံမှ ခိုးဝင်မှုများကို တားဆီးကာကွယ် ဆောင်ရွက်နိုင် ခဲ့ပါတယ်။

နယ်စပ်ဒေသ လူဝင်မှုစစ်ဆေးရေး ကွပ်ကဲမှုအဖွဲ့(နစက)အား နိုင်ငံတော်သမ္မတရုံးရဲ့ ၁၂-၇-၂၀၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၅၉/၂၀၁၃)ဖြင့် ဖျက်သိမ်းခဲ့ပါတယ်။ ထိုသို့ နယ်စပ် ဒေသ လူဝင်မှုစစ်ဆေးရေး ကွပ်ကဲမှုအဖွဲ့(နစက)ကို ဖျက်သိမ်းခဲ့ပြီးနောက် ပြည်ထဲရေးဝန်ကြီးဌာနရဲ့

၂၄-၃-၂၀၁၄ ရက်စွဲပါ ညွှန်ကြားချက်အမှတ်(၁/၂၀၁၄)ဖြင့် အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးဌာနတို့မှ ဝန်ထမ်းများနှင့် ဖွဲ့စည်းခဲ့ပါတယ်။ အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့မှူးရုံးကို ကျီးကန်းပြင်မှာ ဖွင့်လှစ်ထားရှိပြီး ယင်းကွပ်ကဲမှုအောက်မှာ လူဝင်မှုကြီးကြပ်ရေးဌာနခွဲ(၄)က နယ်မြေ(၁၁)ခု၊ ရပ်ကွက်ကျေးရွာအုပ်စုများရဲ့ အိမ်ထောင်စုစာရင်းပုံစံ (၆၆/၆) အား နှစ်စဉ်ကောက်ယူပြီး စာရင်းပုံစံ များအား ကျီးကန်းပြင်ရှိ အဖွဲ့မှူးရုံးတွင်လည်းကောင်း၊ နယ်မြေအတွင်းရှိ နိုင်ငံခြားသားများ မတရားဝင်ရောက်မှု ကာကွယ်တားဆီးရေးအဖွဲ့ (မကဖ)တွင်လည်းကောင်း ထိန်းသိမ်းထားရှိပါတယ်။

လူဝင်မှုကြီးကြပ်ရေးအဖွဲ့ခွဲ(၄)အနေဖြင့် နှစ်စဉ် မေလမှ ဩဂုတ်လအထိ ထိန်းသိမ်းထားရှိတဲ့ အိမ်ထောင်စုစာရင်း လူဦးရေစာရင်းပုံစံ (၆၆/၆) မှတ်တမ်းများနှင့် လက်အောက်ရှိ နိုင်ငံခြားသားများ မတရားဝင်ရောက်မှု ကာကွယ်တားဆီးရေးအဖွဲ့ (မကဖ)မှာရှိတဲ့ အိမ်ထောင်စုစာရင်းများအား တိုက်ဆိုင်စစ်ဆေးခြင်း၊ စက်တင်ဘာလမှ (၃)မျိုးစာရင်း (ဆွဲ၊တင်၊စစ်) ကောက်ယူခြင်းလုပ်ငန်းများအတွက် သင်တန်းပေးခြင်း၊ စီမံချက်ရေးဆွဲခြင်း၊ အောက်တိုဘာလမှ နိုဝင်ဘာလအထိ ကျေးရွာများရဲ့ မြေပုံများရေးဆွဲခြင်း၊ အဆောက်အဦများ မှတ်တမ်းတင်ခြင်း၊ အစီရင်ခံစာပြုစုခြင်း၊ ဒီဇင်ဘာလမှ ဖေဖော်ဝါရီလအထိ အိမ်ထောင်စုလူဦးရေ ကွင်းဆင်းစစ်ဆေးခြင်း၊ အိမ်ရှိလူဦးရေစာရင်းများ ပြုစုခြင်း၊ လာ/သွား/ဖွား/သေ ကိစ္စများကို ပြုစုဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင် အမှတ်(၁) နယ်ခြားစောင့် ရဲကွပ်ကဲမှုအဖွဲ့ရဲ့ နယ်မြေအတွင်းမှာပါဝင်တဲ့ ကျေးရွာများမှာ နေထိုင်တဲ့ တိုင်းရင်းသားများရဲ့ အိမ်ထောင်စုလူဦးရေစာရင်းဆိုင်ရာ မွေးတိုး/သေဆုံး ပယ်ဖျက်လုပ်ငန်းများကို နှစ်စဉ်ဆောင်ရွက်လျက်ရှိတဲ့အပြင် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းများကို အခါအားလျော်စွာ ကွင်းဆင်းဆောင်ရွက်လျက်ရှိသဖြင့် တိုင်းရင်းသားများရဲ့ အခွင့်အရေးနှင့် နိုင်ငံသားများရဲ့ အခွင့်အရေးတို့ကို ပြည့်ပြည့်ဝဝ ခံစားရရှိလျက်ရှိပါကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရဲ့ ပေါင်းစပ်ဖြေကြားမှုအရ သိရှိရပါတယ်။

ရခိုင်ပြည်နယ်၊ မောင်တောခရိုင် တိုင်းရင်းသား (န.တ.လ)ကျေးရွာ (၃၆)ရွာရှိပြီး လူဦးရေ ကျား(၇၀၅၉)ဦး၊ မ(၇၀၂၉)ဦး၊ စုစုပေါင်း (၁၄၀၈၈)ဦး ရှိပါတယ်။ အဆိုပါ တိုင်းရင်းသား (န.တ.လ) ကျေးရွာရှိ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆)အား လူဝင်မှုကြီးကြပ်ရေးဌာနခွဲ (၄)မှလည်းကောင်း၊ သက်ဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးတို့မှလည်းကောင်း အသီးသီးထုတ်ပေးထားရှိပါတယ်။ လူဝင်မှုကြီးကြပ်ရေးဌာနခွဲ(၄)မှ ထုတ်ပေးထားတဲ့ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) ဟာ နှစ်စဉ်(၃)မျိုး စာရင်းကောက်ယူရေးလုပ်ငန်းတွင် လူဦးရေ သိရှိနိုင်ရန်အတွက် ဆောင်ရွက်ခြင်းဖြစ်ပြီး သက်ဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးမှလည်း ဌာနရဲ့ လုပ်ငန်းတာဝန်ဖြစ်တဲ့ အိမ်ထောင်စု လူဦးရေစာရင်းပုံစံ (၆၆/၆) ထုတ်ပေးခြင်း၊ ဖွား/သေပြုလုပ်ခြင်း၊ လက်ထပ်၊ ပြောင်းဝင်/ပြောင်းထွက် ပြုလုပ်ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ခြင်း စသည်တို့ကို လျှောက်ထားလာပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်လျက်ရှိပါတယ်။ လူဝင်မှုကြီးကြပ်ရေးဌာနခွဲ(၄)မှ ထုတ်ပေးထားတဲ့ အိမ်ထောင်စု စာရင်းပုံစံ (၆၆/၆) နှင့် သက်ဆိုင်ရာ

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးတို့မှ ထုတ်ပေးထားတဲ့ အိမ်ထောင်စု လူဦးရေစာရင်း ပုံစံ (၆၆/၆) ဟာ တိုက်ရိုက်သက်ဆိုင်မှု မရှိကြောင်း စိစစ်သိရှိရပါတယ်။

သို့ပါ၍ အမှတ်(၁)နယ်ခြားစောင့် ရဲကွပ်ကဲမှုအဖွဲ့တွင် တွဲဖက်ဖွဲ့ တာဝန်ထမ်းဆောင်လျက် ရှိတဲ့ လူဝင်မှုကြီးကြပ်ရေးဌာနခွဲ(၄)နှင့် ယင်းလက်အောက်ရှိ နိုင်ငံခြားသားများ တရားမဝင်ဝင်ရောက်မှု ကာကွယ်တားဆီးရေးအဖွဲ့(မကဖ)တွင် ထိန်းသိမ်းထားရှိသော အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ (၆၆/၆) သည် နှစ်စဉ် (၃)မျိုးစာရင်းကောက်ယူရာမှာ လူဦးရေစာရင်း သိရှိနိုင်ရန်အတွက် ထုတ်ပေးထားခြင်း ဖြစ်ကြောင်း သက်ဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးရဲ့ ၎င်း တာဝန်ဖြစ်သော အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ (၆၆/၆) ဆောင်ရွက်မှုအပေါ် ထိခိုက်နှောင့်ယှက်မှု မရှိဘဲ အခြေအနေအရပ်ရပ် ဆောင်ရွက်ရန် လိုအပ်သဖြင့် သီးခြားဆောင်ရွက်ခြင်းသာဖြစ်ကြောင်း သက်ဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးရုံးများသို့ လွှဲပြောင်းရန် အစီအစဉ်မရှိကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမောင်မောင် မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ရှင်းလင်းတင်ပြ သွားမှာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဟာ ၁၉၁၇ ခုနှစ်၊ မြန်မာနိုင်ငံ ယစ်မျိုးအက်ဥပဒေ၊ ၁၉၂၈ ခုနှစ်၊ မြန်မာနိုင်ငံ ယစ်မျိုးနည်းဥပဒေများ၊ ၁၉၂၉ ခုနှစ်၊ မြန်မာနိုင်ငံ ယစ်မျိုးအမိန့်ထွက်ဆိုချက်များနှင့် ၂၀၁၅ ခုနှစ်၊ မြန်မာနိုင်ငံ ယစ်မျိုးအက်ဥပဒေကို ပြင်ဆင်သည့် အက်ဥပဒေများကို ကျင့်သုံးလျက် ယစ်မျိုးဆိုင်ရာ စီမံခန့်ခွဲရေးလုပ်ငန်းများဖြစ်သည့် ယစ်မျိုးလိုင်စင် ခွင့်ပြုခြင်း၊ စည်းကမ်းပျက်လိုင်စင်များ ဖျက်သိမ်းခြင်း၊ ယစ်မျိုးခွန်များ ကောက်ခံခြင်း တို့ကို ဆောင်ရွက်လျက်ရှိပါတယ်။

ယစ်မျိုးစီမံခန့်ခွဲခြင်းလုပ်ငန်းနှင့် ယစ်မျိုးလိုင်စင်ချထားခြင်းများ၊ လုပ်ငန်းများဆောင်ရွက် ရာမှာ ယစ်မျိုးဥပဒေ (၉)ရပ်၊ ယစ်မျိုးအခြေခံမှု (၄)ရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင် ယစ်မျိုးလိုင်စင် ရယူခြင်းမရှိဘဲ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း၊ လိုင်စင်ခွင့်ပြုချက်ထက် ကျော်လွန် ဆောင်ရွက်လုပ်ကိုင်နေခြင်းများအား တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေးအတွက် ယစ်မျိုးမှုခင်း များ စုံစမ်းထောက်လှမ်းခြင်း၊ ဖမ်းဆီးတရားစွဲဆိုခြင်း လုပ်ငန်းများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ကလည်းကောင်း၊ ယစ်မျိုးဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခြင်းလုပ်ငန်းများကို တရားရုံးအဆင့်ဆင့်က လည်းကောင်း၊ ယစ်မျိုး အက်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါတယ်။ နှစ်စဉ် ဘဏ္ဍာရေးနှစ်အလိုက် ယစ်မျိုးစု တွေ ခွင့်ပြုချထားရာမှာ ယစ်မျိုးမူဝါဒနှင့်အညီ တစ်နှစ်ထက်တစ်နှစ် လျှော့ချခွင့်ပြုလျက်ရှိရာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ လိုင်စင်အရေအတွက် (၄၁၂၉၃)ခု ခွင့်ပြုခဲ့ရာမှ ၂၀၁၇-၂၀၁၈ ခုနှစ် ဘဏ္ဍာ နှစ်မှာ လိုင်စင်အရေအတွက် (၄၁၁၄၀)ခုသာ ခွင့်ပြု၍ လိုင်စင်(၁၅၃)ခု လျှော့ချ ခွင့်ပြုခဲ့ပါတယ်။

ယစ်မျိုးလိုင်စင်ယူသူများအား ကြီးကြပ်ကွပ်ကဲခြင်းနှင့် ပတ်သက်၍ နှစ်စဉ်ဘဏ္ဍာရေးနှစ်အလိုက် ယစ်မျိုးအုပ်စုအတွင်း ခွင့်ပြုချထားပေးသည်နှင့် တစ်ပြိုင်နက် ယစ်မျိုးလိုင်စင် ကတ်ပြားများအား လိုင်စင်အမျိုး အစားအလိုက် ညွှန်ကြားချက်နှင့်အညီ အရောင်ခွဲခြားထုတ်ပေးခြင်း၊ လိုင်စင်ရရှိသည့် ဆိုင်များတွင် လိုင်စင်အမျိုးအစားအလိုက် လိုင်စင်ကတ်ပြားများအား အများမြင်သာသည့်နေရာတွင် ချိတ်ဆွဲထားရှိစေခြင်းဖြင့် လိုင်စင်ရှိ၊ လိုင်စင်မဲ့ ဆိုင်များအား အလွယ်တကူ ခွဲခြား သိရှိနိုင်ပြီး တရားမဝင် လိုင်စင်မဲ့ ထန်းရည်ဆိုင်များအား ဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိပါတယ်။ ၁၉၁၇ ခုနှစ်၊ ယစ်မျိုးအက်ဥပဒေပါ တရားမဝင် ယစ်မျိုးထုတ်လုပ်ခြင်း၊ ရောင်းဝယ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ သယ်ယူခြင်းတို့နှင့်ပတ်သက်၍ ပြဋ္ဌာန်းထားသော ပြစ်ဒဏ်နှင့် ဒဏ်ငွေများကိုလည်း ထိရောက်ဟန့်တားသော ပြစ်ဒဏ်ဖြစ်စေရန် ခေတ်ကာလနှင့် လျော်ညီသော ဒဏ်ငွေချမှတ်နိုင်ရန်အတွက် ယစ်မျိုးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကို ၂၂-၁၂-၂၀၁၅ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၆၆)ဖြင့် ပြဋ္ဌာန်းခဲ့ပြီး ပြစ်ဒဏ်နှင့် ဒဏ်ငွေများကို တိုးမြှင့်သတ်မှတ်ခဲ့ပြီးဖြစ်ပါတယ်။

ယစ်မျိုးဆိုင်ရာ စီမံခန့်ခွဲမှုများကို ဆောင်ရွက်ရာမှာ နိုင်ငံတော်အတွက် ရသင့်ရထိုက်တဲ့ အခွန်အပြည့်အဝရရှိစေရန် လိုင်စင်မဲ့ဆောင်ရွက်မှုများအား ဥပဒေနှင့်အညီ စနစ်တကျအရေးယူရန်အတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးရဲ့ ၂၀-၄-၂၀၀၄ ရက်စွဲပါစာဖြင့် ယစ်မျိုးလိုင်စင်ခွန်များ တိုးမြှင့်ကောက်ခံ၍ စိစစ်ကြပ်မတ်ရေး (Task Force) ဗဟိုများကို ဗဟိုအဖွဲ့၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အလိုက် ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံးရဲ့ ၁၁-၁၁-၂၀၁၁ ရက်စွဲပါစာဖြင့် ယစ်မျိုးလိုင်စင်ခွန်များအား တိုးမြှင့်ကောက်ခံရေးနှင့် စိစစ်ကြပ်မတ်ရေး ဗဟိုအဖွဲ့အား ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ လိုင်စင်မဲ့အရက်များ ရောင်းချသူများအား ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိရာ ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်၊ ဧပြီလအထိ (၁၄၂၂၉)ခု၊ တရားခံ ကျား(၁၀၈၁၆)ဦး၊ မ(၃၄၆၉)ဦး၊ စုစုပေါင်း(၁၄၂၈၅)ဦး ဖမ်းဆီးအရေးယူခဲ့ပါတယ်။

လိုင်စင်စည်းကမ်းများနှင့်မညီဘဲ အရက်ရောင်းချသူများကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိရာ ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်၊ ဧပြီလအထိ (၃၉၅၉)မှု၊ တရားခံ ကျား(၃၀၀၇)ဦး၊ မ(၉၇၈)ဦး ရှိပြီး စုစုပေါင်း(၃၉၈၅)ဦးကို ဖမ်းဆီးအရေးယူခဲ့ပါတယ်။ ထို့အပြင် ယစ်မျိုးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ အရေးယူဆောင်ရွက်ရာမှာ တရားမဝင် အရက်၊ ဘီယာတင်သွင်း ချက်လုပ်ရောင်းချမှုများ ထိန်းချုပ်ခြင်းဖြင့် နိုင်ငံသားများ စာရိတ္တမဏ္ဍိုင်နှင့် ကျန်းမာကြံ့ခိုင်တိုးတက်လာစေရန် ရည်ရွယ်၍ ၁၀-၄-၂၀၁၈ ရက်နေ့တွင် တရားမဝင် အရက်၊ ဘီယာ တင်သွင်းချက်လုပ်ရောင်းချမှု ထိန်းချုပ်ရေး စီမံချက်ရေးဆွဲခဲ့ပြီး ၁-၆-၂၀၁၈ ရက်နေ့မှစ၍ စီမံချက်ပါ လုပ်ငန်းစဉ်များအတိုင်း အရေးယူဆောင်ရွက်သွားမှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် လိုင်စင်မဲ့ အရက်ပုန်းဆိုင်များနှင့် တရားမဝင်ယစ်မျိုးလုပ်ငန်းများ ထိရောက်စွာဖော်ထုတ်ဖမ်းဆီးရေး စီမံချက်ကာလအတွင်း သတ်မှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သတင်းပေး တိုင်ကြားမှုများအပေါ် အလေးထား ဖော်ထုတ် ဖမ်းဆီးလျက်ရှိပါကြောင်းနှင့် စိစစ်ကြပ်မတ်ရေးအဖွဲ့ (Task Force) များမှလည်း နယ်မြေ

အလိုက် စစ်ဆေးဖော်ထုတ်ပြီး ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြား အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လိုရင်းမေး။

**ဦးကျော်ကျော်ဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)**။ ။ ကျွန်တော် မေးခွန်းနှင့် ပတ်သက်ပြီး ဆက်စပ်မေးခွန်း မေးခွင့်ပြုပါခင်ဗျား။ ကျွန်တော် မေးတဲ့မေးခွန်းမှာ ဒီဘင်္ဂလားဒေ့ရှ် နိုင်ငံကလာတဲ့ စိုးရိမ်ကြောင့်ကြမှုနှင့် ရောက်ရှိလာတဲ့ သူတွေမဟုတ်ဘဲနဲ့ ကျွန်တော်တို့ အဲဒီ (န.တ.လ) ကျေးရွာမှာ ရှိတဲ့လူတွေက တခြား ကျွန်တော်တို့ ကျောက်တော်တို့၊ ကျောက်ဖြူတို့၊ တခြား ဒီ မြန်မာ နိုင်ငံအနှံ့အပြားက လူတွေ၊ တိုင်းရင်းသားတွေကို အဲဒီကျေးရွာမှာရှိနေတဲ့ လူတွေကိုပဲ ကျွန်တော် သီးသန့်မေးတာဖြစ် ပါတယ်။ အဲဒီလူတွေက ကျွန်တော်တို့ အခု (မကဖ) အဖွဲ့မှာ (၃)တိုင်းပြီးရင် မြို့နယ် (လ.ဝ.က)ရုံးကို လွှဲပြောင်းပေးရမယ်ဆိုတာ ပါ ပါတယ်။ အဲဒီ အချက်ကိုပဲ ကျွန်တော် မေးတာပါ။ ဒါကြောင့် ကျွန်တော် သတ်မှတ်ကာလအတွင်း (မကဖ)အဖွဲ့မှ မြို့နယ်(လ.ဝ.က)ဦးစီးဌာနသို့ လွှဲပြောင်း ပေးမည့် အစီအစဉ် ရှိ/မရှိ ဆက်စပ်မေးခွန်းမေးခြင်း ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နားလည်လား။ နားလည်ရင် ဖြေလိုက်တော့။

**ဗိုလ်ချုပ်အောင်သူ (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ ရခိုင်ပြည်နယ်၊ မောင်တောခရိုင်အတွင်းမှာရှိတဲ့ (န.တ.လ)ကျေးရွာမှာနေထိုင်တဲ့ တိုင်းရင်းသားများအနေနဲ့ နိုင်ငံသား အခွင့်အရေးများဆုံးရှုံးမှု မရှိစေရေးအတွက် လူဦးရေ၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေး ကတ်ပြား ဆောင်ရွက်ခြင်းလုပ်ငန်းများအား အခါအားလျော်စွာ ကွင်းဆင်းစစ်ဆေးလျက်ရှိပြီး ဒေသခံ တိုင်းရင်းသားများ အခြားဒေသသို့ ပြောင်းရွှေ့လိုပါက ဒေသအာဏာပိုင်ရဲ့ ခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးမှ လုပ်ထုံးလုပ်နည်း နှင့်အညီ စိစစ်ပြီး ပြောင်းရွှေ့ပုံစံ (၁၀) အား ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ လက်ရှိ လူဝင်မှုကြီးကြပ်ရေးဌာနခွဲ(၄)အနေနဲ့တော့ မတရားဝင်ရောက်သူများ တားဆီးကာကွယ်ရေး အဖွဲ့ (မကဖ)မှ ထိန်းသိမ်းထားရှိတဲ့ အိမ်ထောင်စု လူဦးရေစာရင်းပုံစံ (၆၆/၆)ကို လောလောဆယ် လွှဲပြောင်းပေးနိုင်ခြင်း မရှိသေးပါဘူး။

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီး မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာ နိုင်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက် ဖြင့် အတည်ပြုပြီး ပေးပို့လာသော ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်းထားရှိရန် သဘောတူထားသဖြင့်လည်းကောင်း၊ ယင်းဥပဒေနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက်လည်းကောင်း ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်းထားရှိရန် သဘောတူ/မတူ လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ရုပ်မြင်သံကြားနှင့် အသံ ထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းသည် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အတည်ဖြစ်သည်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြား ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၂။**

**ဦးဇော်မင်း (ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၆)မဲဆန္ဒနယ်မြေရဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးဇော်မင်း ဖြစ်ပါတယ်ခင်ဗျား။ ဒီနေ့ အစည်းအဝေးမှာ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်မှာ စိစစ်ထားတဲ့ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသွားမှာ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊၁/အမ(ကော်မတီ-၁)၁/၂၀၁၈- ၃၁၅

ရက်စွဲ ၊ ၂၀၁၈ ခုနှစ် ၊ ဇွန်လ ၁ ရက်

၁။ ပြည်သူ့လွှတ်တော်က တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေအပေါ်မှာ ဒုတိယအကြိမ် ပြင်ဆင်တဲ့ ဥပဒေကြမ်းကို ၂၄- ၅ -၂၀၁၈ ရက်နေ့မှာ ပြင်ဆင်ချက်များနှင့် သဘောတူအတည်ပြုပြီးတော့ အမျိုးသားလွှတ်တော်မှာ ဆွေးနွေးနိုင်ရန် ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးတော့ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ တောင်သူလယ်သမားရေးရာကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ၃၀-၅-၂၀၁၈ ရက်နေ့မှာ ညှိနှိုင်းဆွေးနွေးခဲ့ပြီး ဖြစ်ပါတယ်။

### လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်တဲ့ ဥပဒေကြမ်းအပေါ်မှာ လေ့လာစိစစ်ရာမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(က) ပိုမိုပြည့်စုံမှုရှိစေရန်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုသည့်ဥပဒေကြမ်း အပိုဒ် ၅၊ ပုဒ်မ ၅၊ ပုဒ်မခွဲ(က)တွင် ဖော်ပြထားတဲ့ ဥပဒေနှင့်အညီ လွတ်လပ်စွာ ထုတ်လုပ်ရောင်းချနိုင်ရန် ကူညီဆောင်ရွက်ခြင်းဆိုသည့်စကားရပ်ကို သက်ဆိုင်ရာ ဥပဒေများနှင့် အညီထုတ်လုပ်၊ သိုလှောင်၊ သယ်ယူ၊ ရောင်းချနိုင်ရန် ကူညီဆောင်ရွက်ခြင်း ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ(ခ)တွင် ဖော်ပြထားတဲ့ သီးနှံပုံစံနှင့် တိရစ္ဆာန်အမျိုးအစားကို ဆိုသည့် စကားရပ်ကို သီးနှံပုံစံ၊ သီးနှံအမျိုးအစားနှင့် တိရစ္ဆာန်အမျိုးအစားကို ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မခွဲ(ဂ) တွင် ဖော်ပြထားတဲ့ ဈေးငွေနှင့် အကူအညီများ ဆိုသည့် စကားရပ်ကို ဈေးငွေနှင့်

လိုအပ်သော အကူအညီများ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၉၊ ပုဒ်မ ၇၊ ပုဒ်မခွဲ(က)တွင် ဖော်ပြထားတဲ့ လုပ်ငန်းအတွေ့အကြုံရှိသော အခြားသူများဖြင့် ဆိုသည့် စကားရပ်ကို လုပ်ငန်းအတွေ့အကြုံရှိသော ပြင်ပပုဂ္ဂိုလ်များဖြင့် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးပြင်ဆင် သတ်မှတ်သင့်ကြောင်း အပိုဒ် ၁၀၊ ပုဒ်မ ၈၊ ပုဒ်မခွဲ(က)ကို အဆိုပါ ပြဋ္ဌာန်းချက်အတိုင်း ဆက်လက်ထားရှိသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

(ခ) တရားမဝင်တင်သွင်းလာတဲ့ လယ်ယာထုတ်ကုန်များကို ထိထိရောက်ရောက် အရေးယူ ဆောင်ရွက်နိုင်ရန်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုထားတဲ့ ဥပဒေကြမ်း အပိုဒ် ၁၂၊ ပုဒ်မ ၉၊ ပုဒ်မခွဲ(စ)တွင် ဖော်ပြထားတဲ့ လယ်ယာထုတ်ကုန်များနှင့် စပ်လျဉ်းသည့် သတင်းရရှိပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက် ပေးခြင်း ဆိုသည့် စကားရပ်ကို လယ်ယာထုတ်ကုန်များနှင့် စပ်လျဉ်း၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေးအတွက် တွန်းအားပေးဆောင်ရွက်ပေးခြင်းဆိုတဲ့ စကားရပ် ဖြင့်လည်းကောင်း၊ အရေးအသားဆီလျော် ညီညွတ်မှုရှိစေရန်အတွက် အပိုဒ် ၁၆၊ ပုဒ်မ ၁၈ တွင် ဖော်ပြထားတဲ့ ဦးဆောင်အဖွဲ့သည် မျိုးစေ့ ဆိုသည့် စကားရပ်ကို ဦးဆောင်အဖွဲ့သည်ပျိုးပင်၊ မျိုးစေ့၊ မျိုးနှင့်သားပေါက်များ ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၁၇၊ ပုဒ်မ ၂၀၊ ပုဒ်မခွဲ(က)တွင် ဖော်ပြထားတဲ့ မျိုးနှင့်မျိုးစေ့ သုတေသနလုပ်ငန်းများနှင့် ထုတ်လုပ်သည့်လုပ်ငန်းများ ဆိုသည့် စကားရပ်ကို ပျိုးပင်၊ မျိုးစေ့၊ မျိုးနှင့်သားပေါက် သုတေသနလုပ်ငန်းနှင့် ထုတ်လုပ်သည့် လုပ်ငန်းများ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ မူလဥပဒေ ပုဒ်မ ၂၀၊ ပုဒ်မခွဲ(စ)တွင်ပါရှိတဲ့ မြေသြဇာနှင့် ပိုးသတ်ဆေး ဆိုသည့် စကားရပ်ကို ပျိုးပင်၊ မျိုးစေ့၊ မြေသြဇာနှင့် ပိုးသတ်ဆေး ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၁၉၊ ပုဒ်မ ၂၀၊ ပုဒ်မခွဲ(ဆ) တွင် ဖော်ပြထားတဲ့ မွေးမြူရေး အစာနှင့်ဆေးဝါးများ ဆိုသည့် စကားရပ်ကို မျိုး၊ သားပေါက်၊ မွေးမြူရေးအစာနှင့် ဆေးဝါးများ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၂၀၊ ပုဒ်မ ၂၅ တွင်ဖော်ပြထားတဲ့ စကားရပ်များ အစား ဖြစ်ပေါ်လာမည့် အရောင်းအဝယ်အရှုံး အမြတ်စာရင်းဇယားများကို ဦးဆောင် အဖွဲ့က တာဝန်ပေးအပ်သော စာရင်းစစ်အဖွဲ့ဖြင့် စစ်ဆေးရမည်။ ယင်းစာရင်းစစ် အဖွဲ့တွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ တာဝန်ပေးအပ်သော စာရင်းစစ်များ တွဲဖက်ပါဝင်စေရေးအတွက် ညှိနှိုင်းဆောင်ရွက်ရမည် ဆိုသည့် စကားရပ်ဖြင့် အသီးသီး ပြင်ဆင်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ အထက်မှာတင်ပြခဲ့တဲ့ တွေ့ရှိချက်တွေအရ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်မှာ သက်ဆိုင်ရာ ဝန်ကြီးဌာန၊ တောင်သူလယ်သမားရေးရာကော်မတီ၊

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အသေးစိတ် ညှိနှိုင်းဆွေးနွေးပြီးဖြစ်တဲ့အတွက် အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြုပေးပါရန် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ ကိုယ်စား လေးစားစွာ တင်ပြအစီရင်ခံအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၅၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး ၁၁-၆-၂၀၁၈ (တနင်္လာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၃)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း**

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ ဇွန်လ ၈ ရက်(သောကြာနေ့)နေ့လယ် (၁)နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ၁၁း၀၀ နာရီအချိန်တွင် ရပ်နားပါသည်။]